# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# အဋ္ဌမနေ့အစီအစဉ်

# [၂၅–၁–၂၀၁၃] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမြင့်ရွှေ၊ ဝေါ မဲဆန္ဒနယ်(ကိုယ်စား) ဦးညွန့်လှိုင်၊ ဖြူး မဲဆန္ဒနယ် ၏ **ပဲခူးမြို့နယ် ဘုရားကြီးစံပြကျေးရွာမှ မော်လမြိုင်လမ်းပိုင်းအထိ ဖောက်လုပ်ထားသော (၂)လမ်းသွား ကားလမ်းအား (၄)လမ်းသွား ကားလမ်းအဖြစ် တိုးချဲ့ဖောက်လုပ်ရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးဘိုနီ၊ ရမည်းသင်း မဲဆန္ဒနယ်၏ **မော်တော်ယာဉ်လိုင်စင် သက်တမ်းတိုး လိုင်စင်ပြုလုပ်ရခြင်းကိစ္စအား တစ်နှစ်တစ်ကြိမ်အစား (၂)နှစ် တစ်ကြိမ် (သို့) (၃)နှစ် တစ်ကြိမ်သို့ ပြောင်းလဲပြီး သက်တမ်းတိုး လိုင်စင်တိုးခွင့်ပြုပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **မော်တော်ယာဉ်အို၊ ယာဉ်ဟောင်းများကို(လိုင်စင်သက်တမ်းလွန်၊ သက်တမ်းပြတ်) သက်ဆိုင်ရာသို့အပ်နှံပြီး နိုင်ငံခြားမှ မော်တော်ယာဉ် တင်သွင်းခွင့်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဒေါ်နန်းစေအွာ၊ ဘားအံ မဲဆန္ဒနယ်၏ **လုပ်ပိုင်ခွင့်အာဏာကို အသုံးပြုနေသော ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းများအား မည်ကဲ့သို့ အရေးယူပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဒေါ်လဲ့လဲ့ဝင်းဆွေ၊ တာမွေ မဲဆန္ဒနယ်၏ **မြို့နယ်ရဲတပ်ဖွဲ့စခန်းများတွင် သက်ဆိုင်ရာမြို့နယ်အတွင်း ရဲသတင်းပေး (Informer) များ ထားရှိပြီး ဆောင်ရွက်လျက်ရှိသည်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(စ) ဒေါ်လဲ့လဲ့ဝင်းဆွေ၊ တာမွေ မဲဆန္ဒနယ်၏ **၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **" အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း "**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။